ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

အခြေခံပညာ ပညာရေးဝန်ထမ်းများ အထွေထွေသပိတ်ကော်မတီမှ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနထံသို့ ပေးပို့သော တိုက်တွန်းအကြံပြုချက်ကို ပြန်ကြားလွှာ

၂၀၂၁ ခုနှစ်၊ မေလ (၁၄)ရက်

လေးစားအပ်ပါသော ဆရာ၊ဆရာမများခင်ဗျား ...

ဆရာဆရာမတို့ ပေးပို့သော တိုက်တွန်းအကြံပြုချက်ကို အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကောင်းစွာလက်ခံရရှိပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် အခြေခံပညာရေးဝန်ထမ်းများ သပိတ်ကော်မတီ၏ ပြီးခဲ့သော အစည်းအဝေးအရ ပြည်သူ့အာဏာဖီဆန်မှု(CDM) လုပ်ဆောင်နေကြသော ဝန်ထမ်းများ၏ မြေပြင်အခက်အခဲများကို သိခဲ့ရပါသည်။ ဆရာ၊ဆရာမတို့၏ အကြံပြုချက်အတိုင်း

၁။ ဆရာဆရာမများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဘက်တော်သား ဆရာ၊ဆရာမများကို အကာအကွယ်ပေးနိုင်မည့် အဖွဲ့အစည်းများ အားကောင်းလာရန်လည်း ကြိုးစားလျက်ရှိပါသည်။ ယခုအခါ PDF ကို ဖွဲ့စည်းပြီးဖြစ်ကြောင်းကို ဆရာဆရာမများသိရှိပြီးဖြစ်မည်ဟုလည်း ယုံကြည်ပါသည်။။ ထို့ပြင် CDM ဆရာ၊ဆရာမဝန်ထမ်းများ၏ လုံခြုံမှုဆိုင်ရာများကို ချိတ်ဆက်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အကူအညီလိုအပ်ပါက အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ moe@nugmyanmar.org သို့ ဆက်သွယ်လာရန် ဖြစ်သည်။ အထောက်အကူပြု အဖွဲ့ဝင်များအဖြစ် ပါဝင်ထမ်းဆောင်နိုင်ရန်လည်း စေတနာ့ ဝန်ထမ်းဆရာ၊ ဆရာမများကို ဖိတ်ခေါ်ပါသည်။

၂။ ဒုတိယပြဿနာ စားဝတ်နေရေးပြေလည်မှုအတွက် ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရန် ငွေစာရင်းများ ရေးဆွဲအတည်နိုင်ရန် ဆောင်ရွက်နေပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ လုပ်ငန်းဆောင်တာ အစီအစဉ်များအရ ထောက်ပံ့မှုများအမြန်ဆုံးပြုလုပ်သွားမည်ဖြစ်သည်။ တစုံတရာ အဆင်ပြေနိုင်မည့် အနေအထားဖြင့် အလျင်အမြန်

ထောက်ပံ့ကူညီမည်ဖြစ် သည်။ ထောက်ပံ့မှုများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ဆရာ၊ဆရာမများ ဘက်မှလည်း မြို့နယ်အလိုက် CDM ချိတ်ဆက်ရေးကော်မတီများကို အနည်းဆုံး လူသုံးဦးဖြင့် ဖွဲ့စည်းကာ မြေပြင်စာရင်းမှန်ကို ကူညီပေးစေလိုပါသည်။

၃။ တတိယ ပြဿနာ စိတ်ဓာတ်ကျခြင်းကိုမူ အွန်လိုင်းမှ တစ်ဆင့် အားပေးစကားပြောကြားခြင်း၊ ရေဒီယို ရုပ်သံတို့မှ အသံလွှင့်အားပေးခြင်း၊ ပြည်သူ့ဝန်ထမ်းအချင်းချင်း ကွန်ရက်ချိတ်ဆက်၍ အချင်းချင်း တွေ့ဆုံအားပေးကြခြင်းတို့ကို ပညာရေးဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်။ တော်လှန်ရေးကြီးတစ်ခုကို အတူတကွ ဆင်နွှဲနေခြင်းဖြစ်၍ အပြန်အလှန်ချိတ်ဆက်ဆွေးနွေးခြင်း၊ အားပေးခြင်းတို့ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ၊ ဆရာမ များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားပါမည်။

၄။ ထို့ပြင် ဆရာဆရာမတို့၏ အကြံပြုချက်များဖြစ်သော ရပ်/ကျေး ပညာရေး စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းခြင်း၊ ရပ်ဆိုင်း ထုတ်ပယ်ခံရသော ဝန်ထမ်းများကို မူလရာထူးပြန်လည်အပ်နှင်းခြင်း၊ လစာများ ထောက်ပံ့ခြင်း၊ ပြည်နယ်/တိုင်း ရုံးအဖွဲ့များ ခန့်အပ်ခြင်း၊ တာဝန်ခံများ ရွေးချယ်ခြင်း တို့ကိုလည်း မူအားဖြင့် သဘောတူပြီး အသေးစိတ် အချက်အလက်များကို ဆရာ၊ ဆရာမတို့နှင့် ဆက်လက် စည်းဝေးတိုင်ပင်ညှိနှိုင်းကာ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၅။ နောက်ဆုံးအကြံပြုချက်တစ်ရပ်ဖြစ်သည့် CDM မပြုလုပ်သည့်အပြင် CDM များကို ဖိနှိပ်နေသည့် ဝန်ထမ်းအကြီးအကဲ အရာထမ်း၊အမှုထမ်းများနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမည်ပျက်စာရင်းများ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပြီး အမည်ပျက်စာရင်းတွင် ဖော်ပြထားသည့် အတိုင်း ပြည်သူ့အစိုးရလက်ထက် ယင်းတို့၏ ရာထူးတည်ရှိမှုကို အသိအမှတ်ပြုတော့မည် မဟုတ်ပါကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။ CDM ဖိနှိပ်သော ဝန်ထမ်းဆိုးများစာရင်းကိုလည်း ဆရာ၊ ဆရာမတို့ဘက်မှ စနစ်တကျ အတည်ပြုကောက်ခံပေးစေလိုပါသည်။

၆။ သာမန် CDM မလုပ်သော ဝန်ထမ်းများကိုလည်း ပြည်သူ့အစိုးရတက်လာသည့်အခါ ယင်းတို့၏ ရာထူး တာဝန်အလိုက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးအရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ